# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၇)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


**နေပြည်တော်၌ စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ဆီအရောင်းဆိုင်ဖွင့်လှစ်ပြီး သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ** — ပြည်တွင်းသတင်း စာ ၂၂

**ဥရောပသမဂ္ဂက ဆီးရီးယား ယာယီအစိုးရကို အကူအညီပေးရန် အဆင်သင့်ရှိဟု အလေးပေးပြောကြား** — နိုင်ငံတကာသတင်း စာ ၂၅

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

◆ *ရွှေဖုံးမှ*

ဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက ကြိုဆို နှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံး တာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ ပြုလုပ်သည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

အဆိုပါ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူး ဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

**ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်း များစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်၌ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြကြောင်း၊ သမိုင်းတစ်လျှောက် ကုန်းဘောင်ခေတ်အထိ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာနှင့် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြကြောင်း။

သို့သော် ကိုလိုနီစနစ်ဆိုးကြောင့် သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရကြောင်း။

**နှစ်ပေါင်းများစွာတိုက်ပွဲဝင်ခဲ့**

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် တပ်မတော်နှင့်အတူလက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တွန်းလှန်ခဲ့ကြကြောင်း၊ စုစည်းညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင်ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးနှင့် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ပဋိပက္ခများနှင့်အတူ မိမိတို့ နိုင်ငံသည် ယနေ့ကာလအထိ တည်ငြိမ်အေးချမ်းမှု အားနည်းနေဆဲဖြစ်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

❑ **တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရုံသာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်**

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့ဖြစ်သည့် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ဗိုလ်မှူးကြီး ငြိမ်းချမ်း(ကိုယ်စား) ဖခင် ဦးတင့်ဝေဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ဗိုလ်မှူး ဌေးအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ဗိုလ်မှူး သက်ပိုင်ထက်(ကိုယ်စား) ဇနီး ဒေါ်နန်းမေဟန်ဖူးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ တပ်ခွဲ တပ်ကြပ်ကြီး ညွန့်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သီရိပျံချီဘွဲ့ရရှိသူ ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအေးမြင့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ဗိုလ်ချုပ် ခင်ဇော် (အငြိမ်းစား) အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၄ မှ*

မိမိတို့၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေး ရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရုံသာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုပြီး **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍** *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဒုတိယဝန်ကြီး ဦးအောင်မြိုင် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဒုတိယဝန်ကြီး ဦးဝင်းဖေ အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာပေပညာရှင် ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်- မြန်မာစာ) အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၅ မှ*

**တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”**ဆိုသည့်အချက် အပါအဝင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ထားကြောင်း၊ **“စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး”** အပါအဝင် ဦးတည်ချက် (၈)ရပ်ကိုလည်း နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်ကစပြီး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ချီးမြှင့်အပ်နှင်းလျက်ရှိ**

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ်အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

**နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

**ထိုက်ထိုက်တန်တန်ချီးမြှင့်**

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့် ထောက်ခံတင်ပြချက်များ အပေါ်တွင် စနစ်တကျစိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့များတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ ၂ ဦး၊ သူရဘွဲ့ ၉ ဦး၊ သီရိပျံချီဘွဲ့ ၅ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၃ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ၅ ဦး၊ သိပ္ပကျော်စွာဘွဲ့ ၂ဦး၊ စုစုပေါင်း ၁၂၂ ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်အခါသမယများတွင် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံညီညွတ်ကြောင်းလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၈) ရပ်၊ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့် နက်ရှိုင်းကြောင်း၊ ဥပမာအားဖြင့် တိုင်းပြည်သာယာဝပြောရေးလုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးစသည့် အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက် လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များစွာရှိနေကြောင်း။

ထို့ကြောင့် အဆိုပါ လုပ်ငန်းစဉ်အားလုံး အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့်အရာရှိ၊ စစ်သည်များနှင့်အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ထမ်းဆောင်ရာတွင် **"ရဲသော်မသေ သေသော် ငရဲမလား"** ဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးခဲ့ကြသည့် နိုင်ငံ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

## ❑ ပြည်တွင်းပြည်ပ အန္တရာယ်များကြားတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှ တာဝန်များကို မညည်းမညူကျေပွန်အောင် ထမ်းဆောင်ခဲ့

သားကောင်းများကို လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲစိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရကြောင်း၊ နိုင်ငံရေးအရ၊ စစ်ရေးအရ ဖန်တီးလာသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကြားတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှ တာဝန်များကို မညည်းမညူကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း။

တိုင်းပြည်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေကြရသည့် တပ်မတော်သားများကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်ရဲမေများနှင့် မိသားစုဝင်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အားများပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ပါရမီဖြည့်ဖက်ပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ကြရကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အဦများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်နယ်အရေး၊ လူမျိုးစုအရေး ဟူသည့် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာ လူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၃၄ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် လက်မှတ်ရသူများကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အများတကာလုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို ရင်ဆိုင်ကြုံတွေ့လာချိန်တွင် စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် စွမ်းဆောင်ခဲ့သူများပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့် လူမျိုးအတွက် မည်သည့်အခက်အခဲကိုမျှ အမှုမထားဘဲ အသက်ခန္ဓာကို စွန့်လွှတ်နိုင်သည်အထိ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်သားကောင်းတစ်ယောက်တွင် ရှိအပ်သည့် ခိုင်မာသည့်သန္နိဋ္ဌာန် စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုများအတွက် အထူးပင် ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်းကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ ဖြစ်သည့် သူရဘွဲ့ရရှိသူ ၈ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁ ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၃ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၇၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်စဉ်။

သူ ၃ ဦးနှင့်သိပ္ပကျော်စွာဘွဲ့ရရှိသူ ၂ ဦး တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့် အပ်နှင်းသည်။

**မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ယနေ့ တပ်မတော်စွမ်းရည်သတ္တိနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ လက်မှတ်များ အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အခြားနိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် အမိနိုင်ငံတော်နှင့် ပြည်သူတို့အတွက် လေးနက်မွန်မြတ်သည့်ခံယူချက်ဖြင့် ကျရာတာဝန်များကို ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်၍လည်း ပြည်သူ့သားကောင်းအာဇာနည်များအဖြစ် အစဉ်အသိအမှတ်ပြုလေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် လွတ်လပ်ရေးအမွေကို နောင်မျိုးဆက်သစ်များဆီ လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့သားကောင်းဇာနည်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးချုပ် ၄ ဦး၊ ဗိုလ်မှူးကြီး ၂ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၈ ဦး၊ ဗိုလ်မှူး ၉ ဦး၊ ဗိုလ်ကြီး ၄ ဦး၊ အရာခံဗိုလ် ၁ ဦး၊ တပ်ကြပ်ကြီး ၁ ဦး၊ တပ်ကြပ် ၃ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦး တို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

**တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ် - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံ ချေးငွေများနှင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အခြေအနေများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ သင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ခိုင်မြဲစွာတည်ရှိနေသည့် ဆွေမျိုး - ပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ်(၁/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ၆ ပုံ ၁ ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၅၈၆၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၄၄ ဦးကို ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် အမိန့်အမှတ် (၄/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၁၈၀ ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုအပ်ပါသည်။

၂။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအနေဖြင့် ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထောက်အကူဖြစ်စေသည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာမိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်



၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

◆ *ကျောဖုံးမှ*
ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး၊ (၅) "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးဟူသည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံကို လွှင့်တင်**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

**ချီတက်နေရာယူ**

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပုံ့ချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

**နိုင်ငံတော်အလံကိုအလေးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်



တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

**သဝဏ်လွှာကို ဖတ်ကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပုံ့ချီ မဟာသရေစည်သူ စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့၌ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ညောင်လေးပင် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် မီတာ (၁၀၀) ကျား၊ မ အပြေးပြိုင်ပွဲ၊ ခြေသုံးချောင်းထောက် ကျား၊ မ အပြေးပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲနှင့် ဘဲဖမ်းပြိုင်ပွဲများကျင်းပပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်ပေးခဲ့ကြသည်။

**စွမ်းထက်(ညောင်လေးပင်)**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖူဆယ်အလွတ်တန်းအုပ်ချုပ်ရေးမှူးဖလား(ဒုတိယအကြိမ်မြောက်)ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက လှိုင်သာယာအနောက်ပိုင်းမြို့နယ် အမှတ် (၁၄) ရပ်ကွက် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို လေးသင်းတစ်အုပ်စုဖြင့်အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ယနေ့လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်ရာ ပထမဆုရရှိသည့် Vector FC အား ဆုကြေးငွေကျပ်သုံးသိန်းနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ ဒုတိယရရှိသည့် Unity (United) FC အား ဆုကြေးငွေကျပ်နှစ်သိန်းနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တတိယဆုရရှိသည့် ကိုရဲ FC အား ဆုကြေးငွေကျပ်တစ်သိန်းနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် Quality Young FC အား ဆုကြေးငွေကျပ် ငါးသောင်းနှင့် ဆုတံဆိပ်ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

*(ယမန်နေ့မှအဆက်)*

**မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁၉။ ဘဒ္ဒန္တဇဝန၊ သန္တိသုခရွှေမေတ္တာကျောင်းတိုက်၊ ဒိုးနွယ်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂၀။ ဘဒ္ဒန္တသုဇန၊ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတ သာသနာပြုကျောင်းတိုက်၊ ခေတ်အေး ကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၂၁။ ဘဒ္ဒန္တဉာဏောဘာသ၊ မြို့ကြီးကျောင်းတိုက်၊ မြို့ကြီးကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဗောဓိပင် စစ်ကိုင်းကျောင်းတိုက်၊ ရပ်ကွက်ကြီး (၃)၊ အင်းတကော်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဇေယျသေန၊ ဓမ္မာလင်္ကာရကျောင်းတိုက်၊ မြို့တွင်းကြီး ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တပဒုမ၊ ကုန်းဝိုင်းကြီးဘုန်းတော်ကြီးသင်ပညာရေးမူလတန်း ကျောင်း၊ ကုန်းဝိုင်းကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး

၂၅။ ဘဒ္ဒန္တဝေပုလ္လ၊ ဒေးစွန်ပါအောင်ဗောဓိပင် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ကံမြင့်ကျေးရွာ၊ ဘုရားကြီးမြို့၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တသုမင်္ဂလ၊ သုမင်္ဂလသိရီကျောင်းတိုက်၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက်၊ ရွှေဥဒေါင်း ရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တသောပါက၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဝိမလ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ချောင်းဒေါင့်ရပ်ကွက်၊ ကျီးသဲမြို့၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တဓမ္မသာရ၊ မဟာဒက္ခိဏာရာမရွာဦးကျောင်းတိုက်၊ ကံသစ် ကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဗာကုလ၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ညောင်ကုန်းကျေးရွာ၊ တောင်တွင်းကြီး မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ပြည်တော်အေးကျောင်းတိုက်၊ ထန်းညှောက်တင် ကျေးရွာ၊ မင်းတုန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝိနယ၊ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ မုန်ပင်ဆည်ကျောင်းတိုက်၊ မုန်ပင်ဆည်စံပြကျေးရွာ၊ မိတ္ထီလာ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တမာဃိန္ဒ၊ အင်းထိပ်ဦးသာသနမာမက ကံ့ကော်တစ်ထောင် ကျောင်းတိုက်၊ အင်းထိပ်ဦးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တရာဇိန္ဒ၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာ ရေး မူလတန်းလွန်ကျောင်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တသီလဝန္တ၊ ကျောင်းဟောင်းကျောင်းတိုက်၊ ရသေ့တောင် ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

၃၇။ ဘဒ္ဒန္တဥတ္တမသာရ၊ မဟာဗုဒ္ဓဃောသကျောင်းတိုက်၊ သဲကုန်း ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၃၈။ ဘဒ္ဒန္တနာယက၊ မရမ်းတောင်ကျောင်းတိုက်၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၃၉။ ဘဒ္ဒန္တဉာဏိန္ဒ၊ မင်္ဂလာကန်တော်ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ကေ့ာထင်း စံပြကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၄၀။ ဘဒ္ဒန္တခမာဝုဓ၊ ချမ်းမြေ့သာယာတောရကျောင်းတိုက်၊ ဥတ္တံ့တား ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၄၁။ ဘဒ္ဒန္တနန္ဒမာလာ၊ ရင်ပြင်တော်ကျောင်းတိုက်၊ ကင်မွန်းချောင်း ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၄၂။ ဘဒ္ဒန္တသုန္ဒရ၊ မြသိန်းတန်ကျောင်းတိုက်၊ ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄၃။ ဘဒ္ဒန္တတိက္ခဉာဏ၊ ပရိယတ္တိနယူပဒေသသိပ္ပမဋ္ဌူစာသင်တိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

၄၄။ ဘဒ္ဒန္တပါကဋ၊ မြရာကုန်းကျောင်းတိုက်၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မေတ္တာဝါဒီဟာသံာတပရဟိတ ကျောင်းတိုက်၊ မာလာမြိုင်(၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ နိဂြောဓာရုံကျောင်းတိုက်၊ ကွမ်းခြံရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဇဝန၊ သီရိမင်္ဂလာကန်ဦးကျောင်းတိုက်၊ ရခိုင်ရိုးကြီး ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တသုမန၊ ဘဝထူထောင်ပျဉ်းကတိုးတောင် မဟာဗောဓိ တောရကျောင်းတိုက်၊ ကမ်းနီကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တပဏ္ဍိတ၊ ကန်သာဇေယျုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၄) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တဝဏ္ဏိတ၊ သီရိမင်္ဂလာကျောင်းတိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓရံသီ၊ ဓမ္မသိင်္ဂီကျောင်းတိုက်၊ ကုန်းတလပေါင် ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တကုဏ္ဍလ၊ တောင်ဖီလာကျောင်းတိုက်၊ ပျဉ်းမကန်စံပြ ကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တနာယက၊ ဓမ္မာစရိယ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အမှတ်(၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ ရွာဦးဓနသိဒ္ဓိကျောင်းတိုက်၊ အမှတ်(၁၀၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ဘဒ္ဒန္တကုသလ၊ စန္ဒာရုံကျောင်းတိုက်၊ အမှတ်(၄)တိုးချဲ့ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၆။ ဘဒ္ဒန္တဝိမလ၊ သာသနမာမက ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အမှတ်(၈၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၇။ ဘဒ္ဒန္တဝိဇယ၊ ပုသိမ်ကျောင်း၊ အိမ်တော်ရာတိုက်၊ ပြည်အရှေ့ ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၈။ ဘဒ္ဒန္တစိတ္တရ၊ အုဋ္ဌဖိုကျောင်း၊ မူလဥယျာဉ်တိုက်၊ လင်းလွန်းတောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ အောင်သစ္စာဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၀။ ဘဒ္ဒန္တပညာသီရိ၊ ဇောတိကာရာမသီရိဇေယျုံ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၁။ ဘဒ္ဒန္တကောသလ္လ၊ ခရီးဖော်တောစခန်းရိပ်သာကျောင်းတိုက်ကြီး၊ ဘန့်ဘွေးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၂။ ဒေါက်တာဘဒ္ဒန္တသီရိကဥ္စန၊ သီရိမင်္ဂလာဇောတိရသအောင် ဗိမာန်ကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တနန္ဒ၊ ရွှေယမင်းနန္ဒာရာမကျောင်းတိုက်၊ မြို့ဟောင်း အနောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တဝါယာမ၊ ဣစ္ဆာသယကျောင်းတိုက်၊ အရှေ့ကြို့ကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဘဒ္ဒန္တသုစိတ္တသာရ၊ မဟာစန္ဒာရုံမိုးကုတ်ရိပ်သာကျောင်း၊ ပါရမီ ကျောင်းတိုက်၊ အမှတ်(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဒေါက်တာဘဒ္ဒန္တဝိစာရ၊ ရွှေစေတီဝိစာရဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

၆၇။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆိုင်ခွန် ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၆၈။ ဘဒ္ဒန္တကောလိယ၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၆၉။ ဘဒ္ဒန္တသီရိဓမ္မ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ပိန်းဆန် ရပ်ကွက်၊ မိုင်းပျဉ်းမြို့၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တသောဘန၊ မှန်စီကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ သာပေါင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၁။ ဘဒ္ဒန္တပညာစက္က၊ ဗောဓိမြိုင်ကျောင်းတိုက်၊ လယ်ပေါ်ရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၂။ ဘဒ္ဒန္တတေဇဝန္တ၊ မင်းဆည်ကျောင်းတိုက်၊ မင်းဆည်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၃။ ဘဒ္ဒန္တဓမ္မသာမိ၊ သန္တာရုံ(ဆား)ကျောင်းတိုက်၊ အမှတ် (၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၄။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ မဏိရတနာဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ မြို့ကွက်သစ်(၂)၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၅။ ဘဒ္ဒန္တသုမင်္ဂလ၊ ရွှေဟသံာလယ်ပေါ်စာသင်တိုက်၊ အလယ်ပိုင်း ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၆။ ဘဒ္ဒန္တစန္ဒိမာ၊ နိဂြောဓာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်း လွန်ကျောင်း၊ ညောင်ကျိုးကျေးရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီ တိုင်းဒေသကြီး

၇၇။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ မဂ္ဂင်ရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ အမှတ်(၇)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီ တိုင်းဒေသကြီး

၇၈။ ဘဒ္ဒန္တပညာသီရိ၊ ရတနာပုံစံကျောင်းတိုက်၊ ဘုရားငူကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၇၉။ ဘဒ္ဒန္တဇဋိလ၊ MYANMAR GON YEE BUDDHIST TEMPLE, No.31–1, Jalan Datok Haji Hassan,84000, Muar, Johor, မလေးရှားနိုင်ငံ

၈၀။ Most.Ven Maha Khamma PANYAVICHIT, The Abbot of the Hongkha Nakharam, Chanthabouly District, Vientiane Capital, လာအိုနိုင်ငံ

၈၁။ Most. Ven Hipankande Saddhasiri Anunayaka Thero, Vidya Samadhi International Buddhist Centre, Kottawa, Pelenwatta, Pannipitiya, သီရိလင်္ကာနိုင်ငံ

၈၂။ Most.Ven Phra Phrommuni (Boonrueng Poonyachoto, Worakhamvichai), Wat Phra Sri Mahathat Woramahawihan, 149 Anusaowaree Sub–District, Bangkhen District, Bangkok 10220, ထိုင်းနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၈၃။ ဒေါ်ဝီရဉာဏီ၊ သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ ဇမ္ဗူမြိုင်သီလရှင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၈၄။ ဒေါ်ဓမ္မထေရ်ရီ၊ အောင်သီရိကျောင်းတိုက်၊ ကလိန်အောင်မြို့၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၈၅။ ဒေါ်တိက္ခိန္ဒြိယာ၊ ငန်းတေးဓမ္မရိပ်သာ (ဖားအောက်တောရ ရိပ်သာခွဲ)၊ ငန်းတေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၈၆။ ဒေါ်တီရဏာဉာဏီ၊ ပါရမီသီလရှင်စာသင်တိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၇။ ဒေါ်အဂ္ဂေသီ၊ (၉၆၉)နှစ်ဖက်လှသီလရှင်စာသင်တိုက်၊ ရွှေပျောက် ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၈။ ဒေါ်မာလာသိင်္ဂီ၊ မြသိင်္ဂီသီလရှင်သင် ပရဟိတပညာရေးမူလတန်း လွန်ကျောင်း၊ မြဝတီရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း ဒေသကြီး

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၈၉။ ဒေါ်သုဓမ္မဝတီ၊ Dhama Kiti Vihar ကျောင်းတိုက်၊ ကတ္တမန္ဒူးမြို့၊ နီပေါနိုင်ငံ

**လူပုဂ္ဂိုလ်များ**

၉၀။ ဦးမင်းထိုက်၊ ရပ်ကွက်(၂)၊ ရွှေပြည်အေးမြို့၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၁။ ဒေါ်သန်းသန်းငွေ၊ အခန်း(၂၁)၊ တိုက်အမှတ်(၇၄၅)၊ ဘောဂသိဒ္ဓိ ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၉၂။ ဒေါက်တာမင်းသန့်(ခ)ဦးမင်းငွေ၊ အမှတ်(၅၄၆)၊ တပင်ရွှေထီး လမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဦးတင်မိုးအောင်(ခ)ဦးနေရှိုင်း၊ အမှတ်(၁၆/အေ–၁)၊ အရိယ မဂ္ဂင်လမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၄ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၈၀ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မော်လမြိုင်အချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၄ ဦးအား လွတ်ငြိမ်းခွင့်ပြု

**မော်လမြိုင် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မော်လမြိုင်အချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၄ ဦးအား ယနေ့ မွန်းလွဲပိုင်းက လွတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့လွတ်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မော်လမြိုင်အချုပ်ထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအနက် ၆၄ ဦးအား လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသည့် မော်လမြိုင်အချုပ်ထောင်မှ အကျဉ်းသား ၅၉ ဦးနှင့် အကျဉ်းသူ ငါးဦး စုစုပေါင်း ၆၄ ဦးအား အချုပ်ထောင်အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဦး၊ မော်လမြိုင်အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ ဦးဝင်းနိုင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိဦးကြည်သာဖြိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကျော်သူနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်မြို့နယ် ဒုတိယလက်ထောက်ဦးစီးမှူး ဦးမြတ်စိုးတို့က ဆုံးမစကားများ ပြောကြား၍ **(ယာဉ်)** ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များ ပေး၍ လွတ်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



# အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားနှင့် နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၁၀၀၉ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု



**ရန်ကုန် ဇန်နဝါရီ ၄**

ယနေ့ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့တွင် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၅၈၆၄ ဦးနှင့် နိုင်ငံခြားသား ၁၈၀ တို့ကို ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၀၀၉ ဦးကို ယနေ့နံနက်ပိုင်းတွင် မိုးလုံလေလုံအားကစားရုံခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က တွေ့ဆုံ၍ ဆုံးမသြဝါဒစကား ပြောကြားကြသည်။

အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသား ကိုးဦး၊ ဘင်္ဂါလီအကျဉ်းသား ၂၀ နှင့် အကျဉ်းသူ လေးဦး၊ နိုင်ငံသားအကျဉ်းသား ၇၆၈ ဦး၊ အကျဉ်းသူ ၂၀၈ ဦး စုစုပေါင်း ၁၀၀၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၀၀၉ ဦးတို့ကို ယနေ့ မွန်းလွဲပိုင်းမှ စတင်၍ YBS ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာခရိုင်များနှင့် ဒေသများသို့ ပို့ဆောင်ပေးခဲ့ရာ လွတ်လပ်ရေးနေ့အခါသမယတွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများနှင့် လာရောက်ကြိုဆိုသူများ ဝမ်းသာပျော်ရွှင်ကြလျက်ရှိကြသည်။ (ယာပုံ)

သတင်းစဉ်

# ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၃၉၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများမှ အကျဉ်းသား အကျဉ်းသူ ၃၉၀ တို့သည် ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူများကို စားစရိတ်နှင့် ခရီးစရိတ်တို့ကို တာဝန်ရှိသူများက ပေးအပ်ပြီး စနစ်တကျ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ရာ မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြသည်။

ယနေ့တွင် ညောင်ရွှေအကျဉ်းထောင်မှ ၃၉ ဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ ၂၅၀၊ မိုင်းဆတ် အကျဉ်းထောင်မှ ၁၇ ဦး၊ တောင်ကြီးအချုပ်ထောင်မှ ၁၄ ဦး၊ စခန်းအသီးသီးမှ ၇၀ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ ၄၉ ဦးရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားနှင့် အကျဉ်းသူများမှ အမျိုးသား ၄၁ ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၄၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အား ဖတ်ကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ဆုံးမသြဝါဒစကားပြောကြားကာ ခရီးစရိတ်နှင့် ခံစားခွင့်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်ငူအကျဉ်းထောင်၌ အကျဉ်းသား၊ အကျဉ်းသူ ၁၀၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**တောင်ငူ ဇန်နဝါရီ ၄**

တောင်ငူအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူများအားပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက တောင်ငူအကျဉ်းထောင်ဧည့်ရိပ်သာ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးအောင်မြင့်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောကျော်မင်းဦး၊ တောင်ငူခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းရေးမှူး ဇင်မျိုးသူ၊ သတင်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး စိုးဝင်း၊ မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် အောင်မြတ်ကိုကိုနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်နိုင်ဌေးတို့က အကျဉ်းသားများနှင့်တွေ့ဆုံကာ ပြင်ပတွင်ရောက်ရှိနေထိုင်ပါက ကောင်းမွန်စွာနေထိုင်ကြရန် ဆုံးမသြဝါဒစကား ပြောကြားသည်။



ထို့နောက် တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၉၁ ဦး၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၁၀၂ ဦးတို့ကို ခရီးစရိတ်၊ စားစရိတ်၊ လုပ်အားရှင် အကျိုးခံစားခွင့်တို့ကို ပေးအပ်ပြီး နေ့လယ်ပိုင်းတွင် တောင်ငူအကျဉ်းထောင်မှ မော်တော်ယာဉ်နှစ်စီးဖြင့် သက်ဆိုင်ရာ ကားဂိတ်များသို့ ပို့ဆောင်ပြီး လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မအူပင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံသူ ၄၈ ဦး လွတ်ငြိမ်းခွင့်ပြု

**မအူပင် ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၄၈ ဦးကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ဇော်ထွန်း၊ အတွင်းရေးမှူး ရဲမှူးထွန်းထွန်းအေး၊ မအူပင်အကျဉ်းထောင်မှ ဦးစီးအရာရှိ ဦးမျိုးကျော်သူတို့က ဆုံးမစကားပြောကြားပြီး ခရီးစရိတ်များပေးအပ်၍ သတ်မှတ်စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုပေးခဲ့ရာ မိသားစုများက ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



# မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ ၈၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ



**နေပြည်တော် ဇန်နဝါရီ ၄**

မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများမှ အကျဉ်းသား အကျဉ်းသူ ၈၂ ဦးကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖတ်ကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ဆုံးမစကားပြောကြားကာ ထောင်လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၄

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၉၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



မန္တလေး ဇန်နဝါရီ ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများမှ အကျဉ်းသား ၅၄၁ ဦး၊ အကျဉ်းသူ ၁၅၄ ဦး စုစုပေါင်း ၆၉၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

"ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းသာယာစေဖို့ ရည်ရွယ်ချက်နဲ့ အကျဉ်းသား အကျဉ်းသူတွေကို လွှတ်ပေးခဲ့တာဖြစ်ပါတယ်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတွေကို နေ့တွက်စရိတ်ပေးအပ်ပြီး လုပ်အားခရသင့်သူတွေကိုလည်း တွက်ချက်ပြီး ပေးအပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ ဒေသအသီးသီးကို ပြန်ရတဲ့အခါမှာ အဆင်ပြေစေဖို့ ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ ကားဂိတ်၊ ရထားဘူတာတွေကို ပို့ဆောင်ပေးပါတယ်။ အခုလိုပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတွေအတွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသူများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းဗိုလ်တို့က ဆုံးမသြဝါစကားများပြောကြားပြီး အကျဉ်းထောင်တာဝန်ရှိသူများကလည်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

"အခုလိုလွတ်မြောက်ပြီး မိသားစုတွေနဲ့ တွေ့ဆုံခွင့်ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးတော့ ဥပဒေနဲ့အညီ နိုင်ငံတော်နဲ့မိသားစုအတွက် အကျိုးရှိစေမယ့်အလုပ်တွေကို ဆောင်ရွက်သွားဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့ကို စေတနာထားပြီး လွှတ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတစ်ဦးက ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးထောင်နှင့် အလုပ်စခန်း ခုနစ်ခုတို့မှ အကျဉ်းသား ၈၇၇ ဦး၊ အကျဉ်းသူ ၂၆၄ ဦး စုစုပေါင်း ၁၁၄၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိကြကြောင်း သိရသည်။

မောင်အေးချမ်း



## ဟသ်ာတအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၁၁၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ဟသ်ာတ ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် အကျဉ်းသား ၁၀၄ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၁၁၇ ဦးတို့ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟသ်ာတအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကျဉ်းဦးစီးဌာန၊ ဟသ်ာတအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဦးသန့်ဇော်ဝင်းတို့က ဆုံးမအမှာစကားပြောကြားပြီး အကျဉ်းသား အကျဉ်းသူ ၁၁၇ ဦးတို့ကို လွတ်လက်မှတ်များပေးအပ်ခြင်းနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုသိမ်အကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၁၉၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပုသိမ် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပုသိမ်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် အကျဉ်းသား ၁၃၀၊ အကျဉ်းသူ ၆၁ ဦး စုစုပေါင်း ၁၉၁ ဦးတို့ကို စည်းကမ်း သတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

အဆိုပါ လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး အကျဉ်းသား အကျဉ်းသူများကို တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလင်းဗိုလ်နောင်နှင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်တို့က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပုသိမ်မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးနိုင်လင်း၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းညွန့်၊ ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းနှင့် ပုသိမ်အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းတို့ တက်ရောက်ခဲ့ပြီး အကျဉ်းသား အကျဉ်းသူ ၁၉၁ ဦးတို့ကို ဦးစီးရန်ပုံငွေမှ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်ငွေ စုစုပေါင်း ငွေကျပ် ၁၈၈၂၀၄၀ တို့အား ထုတ်ပေးခဲ့ပြီး အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်ကြပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး(ယာပုံ) ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှပေးပို့သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်-MNA**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား တက်ရောက်

**ဘားအံ ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။



ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မင်းသူကျော်က အကြီးအမှူးအဖြစ် ဆောင်ရွက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ဂုဏ်ပြုတပ်ဖွဲ့၊ အလံစောင့်တပ်ဖွဲ့နှင့် အလံတင်အရာရှိများက နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်ထူခဲ့ကြကာ တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF)တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး တက်ရောက်လာသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ (ဝဲပုံ)နှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပွဲများ ဆင်နွှဲနေမှုကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ကြီးဌာနများ၊ အခြေခံပညာ ကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိအမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။



အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ သံပရာသီး ဇွန်းကိုက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ မိတ်ကပ်ပြင်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ကျောကုန်းထောက်ခုန်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ရွှေစွန်ညိုပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ကြိုးခုန်ပြိုင်ပွဲ စသည့် အားကစားနည်း ၂၂ မျိုးကို ပွဲစဉ် ၆၉ ခုဖြင့် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အသင်းအဖွဲ့အလိုက် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ခါးကွင်းလှည့်၊ လွန်ဆွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားစားနည်းအလိုက် ဆုရရှိသူများကို ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ အားကစားကွင်းများ၊ အခြေခံပညာကျောင်းများ၊ လမ်းမများတွင် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်ယှဉ်ပြိုင်ကြကာ အားကစားနည်းအလိုက် ဆုရရှိသူများကို ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ သက်ဆိုင်ရာ ဆရာ ဆရာမများနှင့် ရပ်ကွက်အလိုက် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေး ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် မွေးကင်းစမှ ခြောက်လအထိပြိုင်ပွဲ၊ ခြောက်လမှ တစ်နှစ်အထိပြိုင်ပွဲ၊ တစ်နှစ်မှတစ်နှစ်ခွဲအထိပြိုင်ပွဲ၊ ကလေးအမြွာပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ပြီးပြိုင်ပွဲများသို့ ပြိုင်ပွဲဝင် ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို မှော်ဘီခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစုစုစံ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သဲနုဝေနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ် ကျင်းပ



သထုံမြို့နယ်၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင် ဖတ်ကြားစဉ်။ ခရိုင်(ပြန်/ဆက်)



(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ညောင်လေးပင်မြို့၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ဖတ်ကြားစဉ်။ နီနီဝင်း(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်ကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



ကရင်ပြည်နယ် မြဝတီမြို့ ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်းက လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပြီး စာစီစာကုံး၊ ကဗျာ ပြိုင်ပွဲတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ ဇာဖြူဝင်း(မြဝတီ)




ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်ကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုဦးက လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပြီး စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ ဝင်းကြိုင်(ပြန်/ဆက်)




ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ ဝင်းဇော်(မှော်ဘီ)



ပေါင်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင် လွတ်လပ်ရေးသဝဏ်လွှာဖတ်ကြားစဉ်။ မွန်မလေး (ပြန်/ဆက်)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဘုတ်ပြင်းမြို့၌ကျင်းပရာ ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေ လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ မြို့နယ်( ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ ဇော်ကိုကို (တောင်ငူ)



ချင်းပြည်နယ် တီးတိန်မြို့၌(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ မိုးမိုး

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ကွင်း၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးအခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ဖတ်ကြားစဉ်။

၂၁၄



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ဖတ်ကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ဖျာပုံမြို့ လွတ်လပ်ရေးကျောက်တိုင်ဝင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ဖတ်ကြားစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာကို ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က ဖတ်ကြားစဉ်။

နေမျိုးအောင်(ဒဂုံတောင်)



မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက ဖတ်ကြားစဉ်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်မှုဖြင့် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အလေးပြုပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမင်းကိုက ဖတ်ကြားစဉ်။

ခရိုင်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက အဏ္ဏဝါရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က ဖတ်ကြားစဉ်။

ခရိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းကကျင်းပရာ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က ဖတ်ကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်၌ စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ဆီအရောင်းဆိုင်ဖွင့်လှစ်ပြီး သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနအောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေးရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ် (၁၃၅၄) ကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်ဆီများကို ဒေသန္တရပေါက်ဈေးထက် သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။





ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အောင်


ကိုကျော်စွာ

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အောင်က “ ကျွန်မတို့ဌာနရဲ့ အဓိကတာဝန်က ပြည်တွင်းကနေ ထွက်ရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို အသုံးပြုပြီး စက်သုံးဆီအမျိုးမျိုးနဲ့ ဓာတ်မြေဩဇာ ထုတ်လုပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ် ဓာတ်ဆီတွေကို ပြည်သူတွေလက်ဝယ်အရောက် သက်သာတဲ့ဈေးနှုန်းနဲ့ရောင်းချပေးဖို့အတွက် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ (၇၇) နှစ်မြောက် လွတ်လပ်ရေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီနေ့မှာ ဆိုင်ဖွင့်ပွဲကျင်းပပြီး ပြည်သူလူထုကို ဓာတ်ဆီတစ်လီတာ ငွေကျပ် ၂၂၀၀ နဲ့ စတင်ရောင်းချပေးနေပါတယ်။ ရောင်းချပေးတဲ့ ဓာတ်ဆီအမျိုးအစားကတော့ (RON-68) ဖြစ်ပါတယ်။ ပြည်ပက တင်သွင်းပြီး ရောင်းချပေးနေတဲ့ ဆီဈေးနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဈေးနှုန်း သက်သာတဲ့အတွက် ပြည်သူတွေအသုံးပြုနေတဲ့ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ယာဉ်တွေအတွက် အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ မော်တော်ဆိုင်ကယ်နဲ့ သုံးဘီးမော်တော်ဆိုင်ကယ်တွေအပြင် အိမ်သုံး၊ လုပ်ငန်းသုံး၊ ရုံးသုံးမီးစက်တွေ၊ စက်လှေတွေမှာလည်း အခုရောင်းချပေးနေတဲ့ ဓာတ်ဆီကို အသုံးပြုနိုင်ပါတယ်။ ဖွင့်လှစ်ချိန်ကတော့ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ နေ့တိုင်းဖွင့်လှစ်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းစက်ရုံတွေက ထွက်ရှိတဲ့ရေနံကို ချက်ပြီး ရရှိလာတဲ့ဓာတ်ဆီကို ပြည်သူတွေအတွက်ပြန်လည်ရောင်းချတာဖြစ်တဲ့အတွက် ယုံယုံကြည်ကြည် သုံးစွဲနိုင်ပါတယ်။ ပြည်ထောင်စုဝန်ကြီး လမ်းညွှန်ချက်နဲ့အညီ ဝန်ကြီးဌာနအနေနဲ့ အများပြည်သူပိုင် သယံဇာတကနေတစ်ဆင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြည်သူတွေ တိုက်ရိုက်ခံစားခွင့်ရရှိအောင်၊ ပြည်သူ့အကျိုးပြုစေမယ့်လုပ်ငန်းတွေကို စနစ်တကျနဲ့ အလေးထားဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းပိုင် သိုလှောင်ဖြန့်ဖြူးရေး ဌာနအောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၆၁၁)နှင့် (၀၆၁၄) ဆိုင်တို့ကိုလည်း ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်ဆီများကို ဒေသန္တရပေါက်ဈေးထက် သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

“အခုလို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကနေ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို အသုံးပြုပြီး ထုတ်လုပ်ထားတဲ့ ဓာတ်ဆီကိုသက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့ သုံးဘီးမော်တော်ဆိုင်ကယ် အငှားလိုက်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ အခုလို သက်သာတဲ့ဈေးနှုန်းသုံးနဲ့ ဝယ်ယူသုံးစွဲနိုင်တဲ့အတွက် ကျွန်တော်တို့ကလည်း ငှားစီးတဲ့ပြည်သူတွေကို ဈေးလျှော့ပြီး ပြေးဆွဲပေးလို့ရပြီဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေပါတယ်။ မိသားစုစားဝတ်နေရေးအတွက်လည်း အဆင်ပြေသွားမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘယ်သွားသွား ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေနဲ့ပဲ သွားလာရတာများပါတယ်။ ဒါကြောင့် အခုလိုဆိုင်တွေ နိုင်ငံတစ်ဝန်း ဖွင့်ပေးစေချင်တယ်။ ဒီလိုဖွင့်ပေးတဲ့အခါ အများပြည်သူတွေ ဓာတ်ဆီသုံးစွဲမှုအတွက် စိတ်မပူရတော့ဘဲ အားလုံးအဆင်ပြေသွားမယ်လို့ ထင်ပါတယ်”ဟု သုံးဘီးအငှားယာဉ်မောင်းနှင်သူ ကိုကျော်စွာက ပြောသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဟင်းငုတ်ပင်ဓာတ်ဆီအရောင်းဆိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ဓာတ်ဆီအရောင်းဆိုင်တို့ကိုလည်း ယခုလအတွင်း ဆက်လက်ဖွင့်လှစ်၍ ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးတို့တွင်လည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဝန်ကြီးဌာနပိုင် ဓာတ်ဆီအရောင်းဆိုင်များ ဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချခြင်းအားဖြင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ပြည်သူလူထုများ နေ့စဉ်ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ ကြီးမားသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ဓာတ်ဆီဖိုးကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်း၊ ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊ ဓာတ်ဆီဆိုင်တွင် တန်းစီစောင့်ဆိုင်း၍ ဆီဖြည့်ရသည့်အချိန်မကုန်ခြင်းကြောင့် အဘက်ဘက်တို့တွင် နှောင့်နှေးကြန့်ကြာမှုမရှိခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ငန်းတာဝန်များ စိတ်ကြည်လင်စွာ လုပ်ဆောင်နိုင်ခြင်းနှင့် ပြည်တွင်းထွက် ဓာတ်ဆီအသုံးပြုခြင်းဖြင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည့် နိုင်ငံခြားသုံးငွေ အထိုက်အလျောက် လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-လုလင်ပျို၊ ဓာတ်ပုံ - ဖိုးပြည့်စုံ**

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့်တေးဂီတဖျော်ဖြေပွဲကိုယနေ့ မွန်းတည့် ၁၂နာရီမှစတင်၍ ည ၁၀ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ပြည်သူ့ရင်ပြင် အလယ်ရှိ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်တေးဂီတဖျော်ဖြေရေးမဏ္ဍပ်၌ နိုင်ငံကျော်ရုပ်ရှင်တေးသံရှင်များနှင့် DJအနုပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင် များစွာတို့က မြူးကြွစွာ သီဆိုဖျော်ဖြေမှုများနှင့်အတူ လွတ်လပ်ရေးနေ့ပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့ လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၁၆၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ညပိုင်းတွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။ ထို့ပြင် ပွဲတော်သို့လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန် အတွက်မော်တော်ယာဉ်ဖြင့် အခမဲ့ပို့ဆောင်ပေးထားကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ပြည်မြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ



**ပြည် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က(၁) ကျောင်းသား ကျောင်းသူလေးများ၏ “မြန်မာ့ကျောင်း” တေးသီချင်း သီဆိုဖျော်ဖြေမှုဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေတို့က ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ အမှာစကားပြောကြားကာ ထူးချွန်ဆုရကျောင်းနှင့် ထူးချွန်ဆုရဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။ **ကိုဆက်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အထက(မိုင်းဖြတ်)၏ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့က ကျောင်းဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး သန့်လွင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က အမှာစကားများပြောကြားပြီး အထက(မိုင်းဖြတ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် နယ်မြေခံတပ်ရင်းမှ အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက (Grade-12)ဘာသာရပ်သင် ထူးချွန်ဆရာ ဆရာမများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျောင်းအဆင့်များတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ၁၉၈ ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**



# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံအသစ် ဖွင့်လှစ်

**မင်းဘူး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး အဆောက်အအုံအသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ရုံးသစ်အတွင်းရှိ အခန်းဖွဲ့စည်းပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် ပါဝင်သော **“တိုးတက်ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေး”** ကို အထောက်အကူပြုစေရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဘတ်ဂျက်ငွေအကုန်ကျခံ၍ ရုံးအသစ်အား တည်ဆောက်ပေးခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအသစ်ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ ရုံးအဆောက်အအုံသစ်နှင့် ပတ်သက်သည့် မှတ်တမ်းများအား လွှဲပြောင်းပေးအပ်သည်။



အဆိုပါ ရုံးသစ်ဆောက်လုပ်နိုင်ခဲ့သည့်အတွက် ဦးစီးဌာန၏ အဓိကပင်မလုပ်ငန်းတာဝန်များအပြင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

# ပဲခူးမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလူမျိုးများ၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် အလံတင်တပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့ တက်ရောက်ကြပြီး အလံတင်တပ်ဖွဲ့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်ကာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက် ဦးဆောင်သော အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးမျိုးဆွေဝင်း၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကလောမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ကလော ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကလောမြို့ မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးပြုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၇ နာရီက မြို့နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့လာသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ဖတ်ကြားခဲ့ကြောင်း သိရသည်။




ထို့နောက် ခရိုင်အတွင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်တွင် အားကစားနည်းအလိုက် ဆုရရှိခဲ့သည့် အားကစားသမားများနှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ မြို့နယ်ဘောလုံးကွင်း၌ ကျင်းပသည်။



အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ ကန်တောင်အသင်းအား ရတနာမာရ်အောင် (က) အသင်းက တစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တို့အား ဂုဏ်ပြုဆုငွေများနှင့် ပထမဆုရ ရတနာမာရ်အောင် (က) အသင်း၊ ဒုတိယဆုရ ကန်တောင်အသင်း၊ တတိယဆုရ ရတနာမာရ်အောင်(ခ) အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသူနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမား ဆုရရှိသူများထံသို့ ဆုကလပ်များကိုလည်းကောင်း၊ ပထမဆုရ ရတနာမာရ်အောင်(က) အသင်းအား ဆုကလပ်နှင့် ဂုဏ်ပြုဆုငွေများ၊ ဒုတိယဆုရ ကန်တောင်အသင်းနှင့် တတိယဆုရ ရတနာမာရ်အောင်(ခ)အသင်းတို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

**ချမ်းသာ (မိတ္ထီလာ)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန်၊ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခေါးပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်၌ထိုင်နေသည့် အဆိုပါရပ်ကွက်နေ ရာအိမ်မှူးဖြစ်သူ ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ခြင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် ကျွန်းတော(အလယ်)ရပ်ကွက် ဖျာပုံလမ်း အိမ်အမှတ်(၃၁) ပန်းလှိုင်မိသားစုဆေးခန်းရှေ့ရှိ Generator မီးစက်အသေး နှစ်လုံးအနီး၌ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ၏ မော်တော်ယာဉ်ခြောက်စီးနှင့် နေအိမ်သုံးမီးစက် နှစ်လုံး၊ စီးပွားရေးလုပ်ငန်းအသုံးပြုသည့် ဆိုင်းဘုတ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။



(ဝဲမှယာ) တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေး။

ဖော်ပြပါ ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့မှ စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပြစ်မှုကျူးလွန်သူ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျ (၂၈)နှစ်၊ (ဘ)ဦးစိန်ဝင်း၊ အမှတ်(၁/က)၊ စစ်ကိုင်းလမ်း အမှတ်(၉) ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နေသူအား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် စစ်ကိုင်းလမ်း၌လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းကျူးလွန်သူများဖြစ်ကြသည့် တင်ဝင်းလှိုင်(ခ)အငယ်လေး (၃၆)နှစ်၊ (ဘ)ဦးသန်းမြင့်၊ အမှတ်(၂၇/ခ) စစ်ကိုင်းလမ်း အမှတ်(၁၀) ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေသူအား နေအိမ်၌လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း (၄၀)နှစ်၊ (ဘ) ဦးတင်ထွန်း၊ "ပဒေသာဦး" အဆောင် နတ်မောက်လမ်း အမှတ်(၉)ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နေသူအား အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်း ပေါ်ရှိ ၎င်းဖွင့်လှစ်ထားသည့် ကွမ်းယာဆိုင်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျပါ သုံးဦးတို့၏ ထွက်ဆိုချက်များအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက် ည ၁၀ နာရီခွဲတွင် မိုင်းထောင်ဖောက်ခွဲရန်စေခိုင်းသူ ရန်နိုင်ထွဋ်(ခ) လူစီဖာ(ခ) ရဲရင့်(ခ) လရောင်(၃၇)နှစ်၊ (ဘ)ဦးခိုင်ဝင်း၊ အမှတ် (၇)ဘုရင့်နောင်လမ်း ဆရာစံ(မြောက်/ရှေ့)ရပ်ကွက်နေသူနှင့် အကြမ်းဖက်သမားများအား နေအိမ်စီစဉ်ပေးခြင်း၊ လက်နက်ခဲယမ်းသိမ်းဆည်းပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးသူ ထွန်းနိုင်စိုး(ခ)ဘီးကျဲ (၄၂)နှစ်၊ (ဘ) ဦးစိုးဝင်း၊ အမှတ်(၁၃၇/က) နန္ဒသူရိန်လမ်း (၁၄)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ်နေသူတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး Toyota Terminal M Shopping Mall အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုများကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူထောက်ပံ့ပို့ဆောင်သူများဖြစ်ကြသည့် အမှတ်(၁၀၈) ဝိဇ္ဇာ (၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး (၂၄)နှစ်၊ (ဘ)ဦးသန့်ဇင်လင်းနှင့် အောင်နိုင်ဝင်း(ခ)ကိုဖြိုး (၂၃)နှစ်၊ (ဘ)ဦးမြင့်ရွှေတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း ပိတောက်(၃)လမ်း (၅) လမ်းနှင့် (၆) လမ်းကြား အမှတ်(၂၁၆) ဂိုဒေါင်တွင် ဖမ်းဆီးရမိခဲ့သည်။



(ဝဲမှယာ) တရားခံ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ အောင်နိုင်ဝင်း(ခ)ကိုဖြိုး၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ ဖေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဇန်နဝါရီ ၄ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် ဖေရယ်မိုးနိုင် (ခ)သီရိ(ခ) ဘေဘေ (၂၀)နှစ်၊ (ဘ)ဦးသန့်ဇင်လင်း၊ အမှတ်(၁၀၈) ဝိဇ္ဇာ (၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူအား ၎င်း၏ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်းတို့ သုံးဦး၏ထွက်ဆိုချက်များအရ ၎င်းတို့ သုံးဦးသည် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ)နှင့် ပဲခူးမြို့နေ ကိုထွန်း(ဖမ်းမမိ)တို့ နှစ်ဦးနှင့်အတူ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်နှင့် မသက်(ဖမ်းမမိ)တို့၏ စီစဉ်စေခိုင်းမှုဖြင့် မိုင်းထောင်ဖောက်ခွဲမှု ကျူးလွန်ခဲ့ကြကြောင်း ပေါ်ပေါက်ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် YGN-30 9F-8369 Honda Fit မော်တော်ယာဉ်အား တရားခံ တင်ဝင်းလှိုင်(ခ) အငယ်လေးမှ စတစ်ကာအနက်ရောင်ကပ်ကာ ရုပ်ဖျက်ပြင်ဆင်ပေးခဲ့ကြောင်း၊ ဖောက်ခွဲမည့်နေရာသို့ ကိုထွန်း (ဖမ်းမမိ)က မော်တော်ယာဉ်အား မောင်းနှင်ပို့ဆောင်၍ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး (ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ မင်းစံ(ခ) မျိုးဦး(ဖမ်းမမိ)နှင့် မျိုးမြင့်(ခ)ခြူးလေး(ခ) ဂျိမ်းတို့မှ လက်လုပ်ဗုံးများအား ချထားခဲ့ကာ မသက်(စီစစ်ဆဲ)မှ အဝေးထိန်းစနစ် အသုံးပြု ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲရာတွင်အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများအား ရန်နောင်ထွဋ်(ခ) လူစီဖာ(ခ)ရဲရင့်(ခ) လရောင်၊ ထွန်းနိုင်စိုး (ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ဖေရယ်မိုးနိုင်(ခ) သီရိ(ခ) ဘေဘေတို့ ငါးဦးက ကြိုတင်စီစဉ်ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN-30 9F-8369 Honda Fit အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ဝင်းခန့်ကိုကို (ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျသည် ကိုဇွဲ(ဖမ်းမမိ)၊ မစု(ဖမ်းမမိ)၊ ဆန္ဒ (ဖမ်းမမိ)နှင့် ဒဿ(ဖမ်းမမိ)တို့ လေးဦးနှင့်အတူ မော်တော်ယာဉ်ဖြင့် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေး အသုပ်ဆိုင်အနီးသို့ သွားရောက်ကာ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျမှ အသုပ်ဆိုင်တွင် ထိုင်နေသည့် ရာအိမ်မှူး ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင်လည်း တရားခံ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့် (ခ) ခြူးလေး (ခ) ဂျိမ်းတို့သည် မသက်(ဖမ်းမမိ)၊ ဆန္ဒ(ဖမ်းမမိ)၊ ဒဿ(ဖမ်းမမိ)တို့နှင့် ပူးပေါင်း၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Sigsauer အမျိုးအစား အနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ 9 mm Luger ကျည် ၁၅ တောင့်၊ Golock အမျိုးအစားအနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ 9 mm ပွိုင့် ၃၈၀ ကျည် ၁၅၃ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် နံပါတ်အတုတပ်ဆင်အသုံးပြုသော Toyota Fielder အမျိုးအစားအဖြူရောင် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ဇနီး မသင်းပွင့်စံ(ဖမ်းမမိ) နေထိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက် အောင်သိဒ္ဓိလမ်း "မိဘဂုဏ်ရည်" အဆောင် အခန်းအမှတ်(၃)သို့ ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းရှိ အိပ်ရာအနီးမှ CZ 75D A 134321 စာတန်းပါ အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ 9 mm Luger ကျည် ငါးတောင့်၊ Thai Arms ကျည် လေးတောင့်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ ထွက်ဆိုချက်အရ ၎င်းတို့အကြမ်းဖက်အဖွဲ့ဝင်ဖြစ်သည့် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ) နေထိုင်သည့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် ချောင်းဦးလမ်း အမှတ်(၃၃၃/က)နေအိမ်မှ အနက်ရောင် ၇၉ ဗုံးပစ်လောင်ချာ နှစ်လက်၊ အနက်ရောင် M 16 မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၄၀ မမကျည် ငါးတောင့်၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဆားကစ်ပြား အခု ၅၀၀၊ နီ/နက်အရောင် အဖွင့်အပိတ်ခလုတ် ၁၀၀၊ Panasonic စာတန်းပါ ဓာတ်ခဲခြောက် ၁၀ လုံးစီပါ စက္ကူဖာ ၃၀၊ PVC စာတန်းပါ ဝိုင်ယာကြိုးခွေ ငါးခွေ၊ ဝိုင်ယာကြိုးပါ ဓာတ်ခဲခြောက်နှင့် တွဲသည့် ကတ်သီး ၃၀၀၊ ဒီတိုနေတာ အချောင်း၂၀၊ ယမ်းကြိုးခွေ တစ်ခွေ၊ မီတာထောက်ကိရိယာ နှစ်ခု၊ ကော်အရည်ဖျော် Gun တစ်ခု၊ Remote မျိုးစုံ သုံးခု၊ အပြာရောင် PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး တစ်လုံး၊ Keypad ဖုန်း နှစ်လုံး၊ ဓာတ်ခဲအားသွင်းစက် တစ်ခု၊ ဘက်ထရီ စက်ဘီးအားသွင်းကြိုး တစ်စုံ၊

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် သံတိုသံစ တစ်ဖာ၊ မီးတိပ် မျိုးစုံ ၁၇ ခွေ၊ 9 mm Thai Arms ပစ္စတိုကျည် ၉၆ တောင့်၊ 380 Auto USA –A ပစ္စတိုကျည် ၄၈ တောင့်၊ 380 Auto Thai Arms ပစ္စတိုကျည် ၁၃ တောင့် တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရမိ တရားခံ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ) တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုးတို့ သုံးဦး၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း ပိတောက်(၃)လမ်း (၅) လမ်းနှင့် (၆) လမ်းကြား အမှတ် (၂၁၆)ဂိုဒေါင် အတွင်း သို့ဝှက်သိမ်းဆည်းထားသော လက်လုပ်ရှေ့တိုက်ဒုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့် သတ္တုပိုက် ကိုးချောင်း၊ AB ကော်ဘူး ခြောက်ဘူး၊ သတ္တုဖင်ပိတ် ကိုးခု၊ သတ္တုပြား ကိုးခု၊ သတ္တုတုံး ကိုးတုံး၊ မိုလောင်းထားသည့် ထိပ်ဖူး ကိုးခု၊ ဝိုင်ယာကြိုးအနီခွေ တစ်ခွေနှင့် ဝါရှာကွင်း ၃၀ တို့ကို လည်းကောင်း။

မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ) တရုတ်လေး၊ ပေရယ်မိုးနိုင်(ခ)သီရိ(ခ) ဘေဘေတို့နှစ်ဦး၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဝိဇ္ဇာ(၃) လမ်း အိမ်အမှတ်(၁၀၈)တွင် သို့ဝှက် သိမ်းဆည်းထားသော လက်လုပ်ရှေ့တိုက် ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းတုံးမျိုးစုံ ၃၆ တုံး၊ လက်လုပ်ရှေ့ တိုက်ဒုံး ဒလက်/အမြီး ၃၆ ခု၊ သတ္တု/ သံအဝိုင်းပြား ၁၈ ပြား၊ Receiver ၁၀ ခု၊ ရီမု တစ်ခု၊ ဓာတ်ခဲ ရှစ်လုံး၊ လက်လုပ် ရှေ့တိုက်ဒုံးထိပ်ဖူးစနက် ကိုးခု၊ လျှပ်စစ် ဒီတိုနေတာ နှစ်ချောင်း၊ ခလုတ် လေးခု၊ Audio ဂျက်ပင်ခေါင်း ငါးခု၊ လက်လုပ်မိုင်း သံကိုယ်ထည် ခြောက်ခု၊ လေးလက်မပိုက် အတွင်း သံမှိုများထည့်ထားသည့် လက်လုပ်မိုင်းကိုယ်ထည် သုံးခု၊ Wifi နှင့် Camera တပ်ဆင်ထားသည့် Receiver တစ်ခုတို့ကိုလည်းကောင်း အသီးသီး ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်မှုနှင့် အကြမ်းဖက်လုပ်ကြံ ပစ်ခတ်မှုများ ကျူးလွန်ခဲ့သူများဖြစ်ကြ သည့် ရန်နောင်ထွဋ်(ခ) လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ် လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ပေရယ် မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ၊ ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင် ဇေယျ၊ တင်ဝင်းလှိုင်(ခ) အငယ်လေးနှင့် မျိုးမြင့်(ခ)ချိုးလေး(ခ)ဂျိမ်းတို့ ရှစ်ဦးအား ပြစ်မှုများကျူးလွန်စဉ် အသုံးပြုခဲ့သည့် မော်တော်ယာဉ် နှစ်စီး၊ လက်နက်မျိုးစုံ ခြောက်လက်နှင့် ခဲယမ်းများ၊ အကြမ်းဖက် ဖောက်ခွဲမှုနှင့် လက်လုပ်ရှေ့တိုက်ဒုံးများ ပြုလုပ်ရန် ပြင်ဆင်ထားသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကာ အကြမ်းဖက်မှု ပြုလုပ်နေသူများ အား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန် ကျန်တရားခံများအား အမြန်ဆုံးဆက်လက် ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါ ကြောင်းနှင့် မြို့၊ ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါ ကြောင်း အသိပေးသတင်းထုတ်ပြန်ထား သည်။

**သတင်းစဉ်**











သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့် လက်လုပ်ရှေ့တိုက်ဒုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။

***နိုင်ငံတကာသတင်း***

# ဥရောပသမဂ္ဂက ဆီးရီးယား ယာယီအစိုးရကို အကူအညီပေးရန် အဆင်သင့်ရှိဟု အလေးပေးပြောကြား

**ဒမတ်စကတ် ဇန်နဝါရီ ၄**

ဥရောပသမဂ္ဂကိုယ်စား ဂျာမနီနှင့် ပြင်သစ်နိုင်ငံခြား ရေးဝန်ကြီးများသည် ဆီးရီးယားယာယီအစိုးရအဖွဲ့ ကိုယ်စားလှယ်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီး အန်နာလန်နာ ဘာရာဘော့ခ်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျိန်းနိုအယ်ဘားရော့သ်တို့သည် ဇန်နဝါရီ ၃ ရက်က ယာယီအစိုးရအဖွဲ့ခေါင်းဆောင် အာမက်အယ်ရှာ ရာနှင့် ဆီးရီးယားတွင် တွေ့ဆုံခဲ့ကြသည်။ ပြီးခဲ့ သည့်လတွင် သမ္မတ ဘာရှာအယ်အာဆတ်အစိုးရ ပြုတ်ကျပြီးနောက် ဆီးရီးယားနိုင်ငံတွင် နိုင်ငံ တည်ထောင်ရေး ကြိုးပမ်းအားထုတ်မှုများ လုပ် ဆောင်လျက်ရှိသည်။

တွေ့ဆုံဆွေးနွေးပွဲပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘာရာဘော့ခ်က ဥရောပ သမဂ္ဂသည် ဆီးရီးယားကို ထောက်ပံ့ကူညီပေးရန် အဆင်သင့်ရှိကြောင်း အလေးပေးပြောကြားသည်။ ပြည်သူများအားလုံး လွတ်လပ်ပြီး ဘေးကင်းလုံခြုံမှု ခံစားရမည့် ဆီးရီးယားအနာဂတ်အတွက် အီးယူ အဖွဲ့က အရာအားလုံးလုပ်ဆောင်သွားမည်ဖြစ် ကြောင်း ၎င်းက ဆက်ပြောသည်။

ဆီးရီးယား လူ့အခွင့်အရေး လေ့လာစောင့်ကြည့် ရေးအဖွဲ့နှင့် အခြားအဖွဲ့များက ဆီးရီးယားနိုင်ငံ မြောက်ပိုင်း ဒေသအချို့တွင် တူကီယဲကျောထောက် နောက်ခံပြု စစ်သွေးကြွအဖွဲ့များနှင့် ကာ့ဒ်အဖွဲ့တို့ အကြား ပဋိပက္ခဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ပြောသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်း ဖက်မှုအတွင်း လူပေါင်း ၂၀၈ ဦး သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ **အင်န်အိတ်ချ်ကေ**



# ဒေလီမြို့၌ မြူများထူထပ်စွာကျဆင်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးမှုဖြစ်ပေါ်

**နယူးဒေလီ ဇန်နဝါရီ ၄**

ဒေလီမြို့အနီးဝန်းကျင်၌ ဇန်နဝါရီ ၄ ရက်က မြူများထူထပ်စွာ ကျဆင်းပြီး အဝေးသို့မြင်နိုင်စွမ်း မရှိသည့်အတွက် လေကြောင်း ခရီးစဉ် ၁၉ ခုလမ်းကြောင်းပြောင်း ခဲ့ရပြီး နောက်ထပ်လေကြောင်း ခရီးစဉ် ၂၀၀ ကျော်မှာ အချိန် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထို့ပြင် ရထား ၈၁ စင်းမှာ လည်း မြူထူထပ်စွာ ကျဆင်းမှု ကြောင့် ခရီးစဉ်များတွင် သက် ရောက်မှုဖြစ်ပေါ်ခဲ့ရသည်။ ဒေလီ မြို့ဝန်းကျင်၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မြူများကြောင့် မြင်နိုင်စွမ်းကျဆင်းကာ လမ်းပေါ် ရှိယာဉ်များမှာ အလွန်နှေးကွေးစွာ သွားလာနေရသည်။



ဒေလီလေဆိပ် သည်လည်း ခရီးသွားများအား ခရီးစဉ်များ အချိန် နှောင့်နှေးနိုင်ကြောင်း၊ နောက်ဆုံးသတင်းအချက်အလက် များကိုသိရှိနိုင်ရန် မိမိတို့သွားလာ မည့် လေကြောင်းလိုင်းနှင့် ဆက် သွယ်မှုပြုလုပ်ကြရန် အကြံပြု ထားကြောင်း သိရသည်။

အိန္ဒိယမီးရထားလိုင်းမှ တာဝန် ရှိသူတစ်ဦးကလည်း ဒေလီသို့သွား သည့် ရထားစုစုပေါင်း ၈၁ စင်း သည် မြူခိုးများကြောင့် ရထား ခုတ်မောင်းရာတွင် ရှေ့သို့မမြင်နိုင် အောင် ဖြစ်ခဲ့ရသည်ဟု အတည် ပြုခဲ့သည်။

ရုံးသွားသူများနှင့် အခြား သော ခရီးသည်များမှာလည်း နံနက်အစောပိုင်းတွင် မြူများ ထူထပ်စွာ ကျဆင်းမှုများနှင့် တွေ့ကြုံခဲ့ရသည်။ **ဆင်ဟွာ**

## ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ လေးဦးရှိလာ

**လူဆာကာ ဇန်နဝါရီ ၄**

ဇမ်ဘီယာနိုင်ငံ၌ လေးဦးမြောက် မျောက်ကျောက်ရောဂါကူးစက်ခံရသူကို တွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်က ကျန်းမာရေးအာဏာပိုင်များက အတည်ပြုခဲ့သည်။

မျောက်ကျောက်ရောဂါရှိသူနှင့် ထိတွေ့မှုရှိသော အသက်တစ်နှစ် အရွယ်ကလေးငယ် ကူးစက်ခံရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အလိုက်ဂျာမူချီမာက ပြောသည်။

အဆိုပါကလေးငယ်အား နေအိမ်တွင် သီးသန့်ခွဲခြားထားပြီး ဆေးဝါး ကုသမှုများ ခံယူလျက်ရှိကြောင်းနှင့် ကျန်းမာရေးအခြေအနေ မစိုးရိမ်ရ ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ပြီးခဲ့သည့် လအတွင်းကလည်း ကော့ပါးဘတ်ပြည်နယ် ကစ်ဝီမြို့ တွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူနှစ်ဦးရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက အစီရင်ခံတင်ပြထားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ ဇမ်ဘီဘာနိုင်ငံ၌ မျောက်ကျောက် ရောဂါ ကူးစက်ခံရသူအား ပထမဆုံးတွေ့ရှိခဲ့ပြီး ၎င်းမှာ တန်ဇန်းနီးယား နိုင်ငံသား ခရီးသွားတစ်ဦးဖြစ်သည်ဟု သိရသည်။ **ဆင်ဟွာ**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာတက္ကသိုလ် စတုတ္ထနှစ် အင်္ဂလိပ်စာအထူးပြု တက်ရောက်ခဲ့သော မခင်နွေးနွေးခိုင် ၇/တငန(နိုင်)၂၂၅၃၉၅၏ဖခင် ဦးတင်ခိုင် (ခ) ဦးတင့်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/41109, Hensin-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မမ ၉/မရမ(နိုင်)၀၄၅၅၄၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၄)ဖြင့် ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များအနက် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး** အား **ဝဏ္ဏကျော်ထင်ဘွဲ့ တံဆိပ်** ကို ပေးအပ်ချီးမြှင့်ခံရသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုက်လိုက်လှဲလှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၄)ဖြင့် ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များအနက် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး(B.V.S)** အား **ဝဏ္ဏကျော်ထင်ဘွဲ့** တံဆိပ် ကို ပေးအပ်ချီးမြှင့်ခံရသည့်အတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ လိုက်လိုက်လှဲလှဲ ဝမ်းမြောက် ဂုဏ်ယူအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/၄၆)၊ မြေကွက်အမှတ်(၅၅၄)၊ ရေကြည်(၂)လမ်းဟုခေါ်တွင်သော ဦးစန်းမော်(YSO-၁၄၇၄၈၁)အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ) အနက်မှ ဧရိယာအကျယ်အဝန်း(၂၀ပေ x ၆၀ ပေ)ရှိ ပါမစ်မူရင်း(ခေါင်းရင်းခြမ်း)၊ အိမ်နှင့်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယမင်းရွှေစင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆန်းဝင်းမြင့်(၁၁/ကတန(နိုင်)၀၈၈၀၉၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကတိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆန်းဝင်းမြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၂၆/က၊ ဧရိယာ ၀.၀၂၇ဧက၊ မြေကွက်တည်နေရာအမှတ် ၂၂၆/က၊ ခိုင်ရွှေဝါလမ်း၊ ၁/၁၀ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ ဦးအုန်းခင် (DDE-၁၀၄၀၆၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားလို ဒေါ်ခင်အုန်းဆင့် မှ တရားပြိုင် ဦးအုန်းခင် အပေါ် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂ဖြင့် မြေနှင့်အိမ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၁၆-၅-၂၀၂၄)ရက်နေ့ချမှတ်သည့် စီရင်ချက်ဒီကရီ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၏ ဘီလစ်ခန့်အပ်သည့် (၁၃-၉-၂၀၂၄)ရက်စွဲပါ တရားရုံးအမိန့်၊ တာဝန်ခံမိတ္တူမှန်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ (၂-၁၀-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးဇော်ထွန်း ၁၂/မရက(နိုင်)၀၅၅၄၁၃မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၈

| | | |
|---|---|---|
| ၁။ ဒေါ်နီနီမြင့် | **နှင့်** | ၁။ ဦးတင်မောင်ထွေး |
| ၂။ ဒေါ်ခိုင်စံပယ်ဝင်း | | ၂။ ဒေါ်အေးအေးရီ |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ် (၉၅၂)နေ ဦးတင်မောင်ထွေး နှင့် ဒေါ်အေးအေးရီ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌တရားလိုများ က"ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁ ရက် ) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းအပြင်တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေး ရက်က ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ကျောက်ဆည်တက္ကသိုလ်
## (အဝေးသင် သင်တန်း)
## တတိယအကြိမ် ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းအစီအစဉ်

၂၀၂၄ ပညာသင်နှစ်တွင် ကျောက်ဆည်တက္ကသိုလ်(အဝေးသင် သင်တန်း)မှ ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်ကို ကျောက်ဆည်တက္ကသိုလ် ကေရာဇ်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

သို့ဖြစ်ပါ၍ ဘွဲ့နှင်းသဘင် လျှောက်လွှာများကို (၆-၁-၂၀၂၅) ရက်နေ့မှ (၂၄-၁-၂၀၂၅) ရက်နေ့အထိ နောက်ဆုံးထား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**( ၈-၂-၂၀၂၅ ) စနေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၁ မှ ၁၀၈ ထိ
ပထဝီဝင် ၄-ပ-၁ မှ ၁၃၃ ထိ
သိပ္ပံဘွဲ့ ဓာတုဗေဒ ၄-ဓ-၁ မှ ၈၆ ထိ

**( ၈-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၂)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၁၁၀ မှ ၁၉၉ ထိ
ပထဝီဝင် ၄-ပ-၁၃၄ မှ ၂၅၆ ထိ
သိပ္ပံဘွဲ့ ရူပဗေဒ ၄-ရပ-၁ မှ ၁၂၆ ထိ

*** အစမ်းလေ့ကျင့်ရက် (၇-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁+၂)**

**( ၉-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၃)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၂၀၁ မှ ၃၁၇ ထိ
ပထဝီဝင် ၄-ပ-၂၅၇ မှ ၃၉၄ ထိ
သိပ္ပံဘွဲ့ ရုက္ခဗေဒ ၄-ရခ-၁ မှ ၆၇ ထိ

**( ၉-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၄)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၃၁၈ မှ ၄၂၆ ထိ
ပထဝီဝင် ၄-ပ-၃၉၅ မှ ၅၃၁ ထိ
သိပ္ပံဘွဲ့ သတ္တဗေဒ ၄-သတ-၁ မှ ၇၁ ထိ

*** အစမ်းလေ့ကျင့်ရက် (၇-၂-၂၀၂၅)ရက်နေ့၊ မွန်းလွဲ ( ၁:၃၀ ) နာရီ၊ အပိုင်း (၃+၄)**

**( ၁၅-၂-၂၀၂၅ ) စနေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၅)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၄၂၇ မှ ၅၂၅ ထိ
ပထဝီဝင် ၄-ပ-၅၃၂ မှ ၅၉၈ ထိ
သိပ္ပံဘွဲ့ သင်္ချာ ၄-သခ-၁ မှ ၁၆၀ ထိ

**( ၁၅-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၆)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၅၂၆ မှ ၆၃၁ ထိ
ပထဝီဝင် ၄-ပ-၅၉၉ မှ ၇၇၈ ထိ
အရှေ့တိုင်းပညာ ၄-အရ-၁ မှ ၆၃ ထိ

*** အစမ်းလေ့ကျင့်ရက် (၁၄-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၅+၆)**

**( ၁၆-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၇)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ မြန်မာစာ ၄-မ-၆၃၂ မှ ၇၄၂ ထိ
ပထဝီဝင် ၄-ပ-၇၇၉ မှ ၉၁၀ ထိ
စိတ်ပညာ ၄-စ-၁ မှ ၉၉ ထိ

**( ၁၆-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၈)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ ၄-အ-၁ မှ ၁၀၄ ထိ
ပထဝီဝင် ၄-ပ-၉၁၁ မှ ၁၀၆၇ ထိ
သမိုင်း ၄-သ-၁ မှ ၇၃ ထိ

*** အစမ်းလေ့ကျင့်ရက် (၁၄-၂-၂၀၂၅)ရက်နေ့၊ မွန်းလွဲ ( ၁:၃၀ ) နာရီ၊ အပိုင်း (၇+၈)**

**( ၂၂-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၉)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ ၄-အ-၁၀၅ မှ ၁၇၅ ထိ
ပထဝီဝင် ၄-ပ-၁၀၆၈ မှ ၁၂၃၀ ထိ
သမိုင်း ၄-သ-၇၄ မှ ၂၀၀ ထိ

**( ၂၂-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၁၀)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ ၄-အ-၁၇၆ မှ ၂၆၆ ထိ
သမိုင်း ၄-သ-၂၀၁ မှ ၃၄၇ ထိ
ဒဿနိကဗေဒ ၄-ဒ-၁ မှ ၈၆ ထိ

*** အစမ်းလေ့ကျင့်ရက် (၂၁-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း(၉+၁၀)**

**( ၂၃-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၁၁)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ ၄-အ-၂၆၇ မှ ၃၅၉ ထိ
သမိုင်း ၄-သ-၃၄၈ မှ ၄၉၅ ထိ
ဒဿနိကဗေဒ ၄-ဒ-၈၇ မှ ၁၆၈ ထိ

**( ၂၃-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၁၂)**
ဘွဲ့ အထူးပြုဘာသာ
ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ ၄-အ-၃၆၀ မှ ၄၆၆ ထိ
သမိုင်း ၄-သ-၄၉၆ မှ ၆၄၄ ထိ
ဒဿနိကဗေဒ ၄-ဒ-၁၆၉ မှ ၂၇၂ ထိ

*** အစမ်းလေ့ကျင့်ရက် (၂၁-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁၁+၁၂)**

၁။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါ အစီ အစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်-

**ဘွဲ့နှင်းသဘင်အစီအစဉ်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများ ထုတ်ပေးမည့်ရက်**

| | |
|---|---|
| အပိုင်း(၁+၂+၃+၄) | (၄-၂-၂၀၂၅)မှ (၅-၂-၂၀၂၅) |
| အပိုင်း(၅+၆+၇+၈) | (၁၁-၂-၂၀၂၅)မှ (၁၂-၂-၂၀၂၅) |
| အပိုင်း(၉+၁၀+၁၁+၁၂) | (၁၈-၂-၂၀၂၅) မှ (၁၉-၂-၂၀၂၅) |

၂။ ဘွဲ့နှင်းသဘင်နှင့် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့် သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။

၃။ ၂၀၁၉ ပညာသင်နှစ်နှင့် နောက်ပိုင်းပညာသင်နှစ်များတွင် တက်ရောက်ဘွဲ့(သို့) အဝေးရောက်ဘွဲ့ လျှောက်ထားခြင်း မပြုရသေးသူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်ကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်သည်။

၅။ အခြားအချက်အလက်များ သိရှိလိုပါက ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့ (ဖုန်း-09427992364) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲအခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**သီတာအောင်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ကျောက်ဆည်တက္ကသိုလ်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၆(က)

ဒေါ်ဝင်းမူ နှင့် ၁။ ဦးမောင်လေး
၂။ ဦးမျိုးမြင့်ဇော်
၃။ ဒေါ်ခင်ညွန့်ဝေ

လျှောက်ထားသူ လျှောက်ထားခံရသူများ

လျှောက်ထားခံရသူများ ၁။ဦးမောင်လေး(ဘ)ဦးကျင်စိန် အိမ်အမှတ်–(၈၉/၁)၊ လမ်း ၇၀၊ ၃၆x ၃၇ လမ်းကြား၊ အောင်ချမ်းအေးရပ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ၂။ ဦးမျိုးမြင့်ဇော်(ဘ)ဦးလှမောင် အိမ်အမှတ်(၅၈/၁)၊ လမ်း ၇၀၊ ၃၆x၃၇လမ်းကြား၊ အောင်ချမ်းအေးရပ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ၃။ဒေါ်ခင်ညွန့်ဝေ(ဘ)ဦးကြိုင် အိမ်အမှတ်(၅၈/၁)၊ လမ်း ၇၀၊ ၃၆x၃၇လမ်းကြား၊ အောင်ချမ်းအေးရပ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ဝင်းမူ မှ ဦးမောင်လေး ပါ၃ အပေါ် လက်ရောက်ဝယ်ယူရရှိထားသော မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၈၇၈/၂၀၂၂ဖြင့် စွဲဆိုခဲ့ရာ (၂၀–၆–၂၀၂၄)ရက်စွဲပါ မဟာအောင်မြေခရိုင်တရားရုံး၏ ချမှတ်သောအမိန့်အပေါ် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ ပြင်ဆင်မှု(က) ဖွင့်လှစ်ဆောင်ရွက်သည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ( ၃ ) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ခခ–၃)၊ ဦးပိုင်အမှတ် (၃၄)၊ ၁၀၂x၁၀၃ကြား၊ ၅၇x၅၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်၏ (SPရရှိသူ ဦးကြည်တိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၄၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်သန်း၊ ၎င်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၁၁၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝါဝါခိုင် ၁၂/တတန(နိုင်)၀၅၉၆၈ကတောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၅၈၇၉/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၀၅၊ ဦးပိုင်အမှတ် ၅–က/၈၈လမ်း၊ ၃၃x၃၄ကြားရှိ မောင်စံရအမည်ပေါက် ဘိုးဘမြေကွက်အား ဦးလေး ဦးစံရနှင့်ဇနီး ဒေါ်ထွေးထွေး၊ ဖခင် ဦးဖိုးတုတ်၊မိခင် ဒေါ်ရှိန်တို့ ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောတူ၊ သားဖြစ်သည့် ဦးမှတ် ၉/မရမ(နိုင်)၀၁၁၀၂၇က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၀၅၊ ဦးပိုင်အမှတ် ၅–ခ/၈၈လမ်း၊ ၃၃x၃၄ကြားရှိ မောင်လှအမည်ပေါက် ဘိုးဘမြေကွက်အားအဘိုး မောင်လှ၊ အဘွား ဒေါ်လိမ္မာ၊ ဦးလေးမောင်ပန်းပွင့်(လူပျိုဘဝ)၊ဖခင် ဦးဘိုးရန်၊ မိခင် ဒေါ်အေးပွင့်၊ သမီး ဒေါ်စောမြ(အပျိုဘဝ)တို့ ကွယ်လွန်ကြပြီး သား ဦးမြင့်အောင်(ခ)ဦးမာဏိတသည် ရဟန်းဘဝသို့ အပြီးဝင်ရောက်ခဲ့ပြီး ပျံလွန်တော်မူခဲ့ပါသဖြင့် ကျန်ရစ်သော၊ မြေး၊ သမီးဖြစ်သူ ဒေါ်ခင်ပု ၉/မနတ(နိုင်)၀၂၀၁၀၈က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/52391, Felling 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စောဖြူ ၉/အမရ(နိုင်)၀၀၃၈၈၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/50670, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းနွယ် ၉/မနမ(နိုင်)၀၀၅၇၁၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(စစ်ကိုင်း)
## (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား
## ဘွဲ့နှင်းသဘင်ကြေညာချက်

(၁) နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၏ (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ဘက်စုံသုံးခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

**အကြိုလေ့ကျင့်ခြင်း** – ၁၅–၂– ၂၀၂၅ရက် (စနေနေ့)
နံနက် ၉:၀၀ နာရီ ( မြို့ပြ၊ အီလက်ထရောနစ်၊ လျှပ်စစ်စွမ်းအား နှင့် စက်မှု )

**ဘွဲ့နှင်းသဘင် ကျင်းပခြင်း** – ၁၆–၂– ၂၀၂၅ရက် (တနင်္ဂနွေနေ့ )
နံနက် ၉:၀၀ နာရီ (မြို့ပြ ၊ အီလက်ထရောနစ်၊ လျှပ်စစ်စွမ်းအား နှင့် စက်မှု)

(၂) ဘွဲ့နှင်းသဘင်အခမ်းအနားသို့ (၂၀၂၁)ခုနှစ် စက်တင်ဘာလ၊ (၂၀၂၃)ခုနှစ် ဧပြီလ၊ (၂၀၂၄) ခုနှစ် နိုဝင်ဘာလများတွင် ထုတ်ပြန်ခဲ့သော B.E စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

(၃) ဘွဲ့လျှောက်လိုသူများသည် ဘွဲ့လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(စစ်ကိုင်း) သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံ (မြန်မာဝတ်စုံ/အနောက်တိုင်းဝတ်စုံ အပြည့်ဖြင့် ရိုက်ကူးထားသော ) တစ်လက်မခွဲ x နှစ်လက်မ အရွယ် (၅)ပုံ ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့်ကျောင်းသား/ကျောင်းသူမိဘမှတ်ပုံတင်မိတ္တူများပူးတွဲ၍ ဘွဲ့တက်ရောက်ယူသူများသည် ကျပ်(၁၅၀၀၀/–)၊ အဝေးရောက်ဘွဲ့ယူသူများသည် ကျပ်(၁၀၀၀၀/–)တို့ကိုငွေစာရင်းဌာနသို့ပေးသွင်းလျှောက်ထားကြရမည်ဖြစ်ပါသည်။

(၄) ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို (၈–၁–၂၀၂၅)မှ (၂၂–၁–၂၀၂၅)ရက်ထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

(၅) ယခင်နှစ်များမှ ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာလျှောက်ထားနိုင်သည်။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ် (စစ်ကိုင်း)ရှိ သင်တန်းရေးရာဌာန (ဖုန်း– ၀၉–၂၆၆၈၆၄၆၂ )သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး(သင်တန်းရေးရာ)**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀)၊ လူနေရပ်ကွက်အမှတ် (၁၁၀)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၃၂)၊ အကျယ်အဝန်း(၈၀ပေ x ၈၀ပေ)၊ ဧရိယာ(၀.၁၄၇)ဧက၊ (၆၄၀၀)စတုရန်းပေရှိ ဒေါ်ဆွေအေးမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ်အမှတ်(D4)၊ စွယ်တော်လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာစီမံကိန်း၊ (၁၁၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ၁၉၉၈ ခုနှစ်ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူများကြသော ဒေါ်မြင့်မြင့်ခင် (၁၂/စခန(နိုင်)၀၁၃၆၄၃)၊ ဒေါ်အေးအေးမြင့်(၁၂/စခန(နိုင်)၀၁၄၀၉၈) တို့မှ မိမိတို့သာလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေများထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်သက်** **ဒေါ်ဖွန့်မေအေး(LL.B) တရားလွှတ်တော်ရှေ့နေ**
**(၁၃/လရန(နိုင်)၀၀၁၁၂၈)** **(စဉ်–၁၃၆၁၀)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်း(စီ–၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ အမှတ်(၇၀)ရပ်ကွက်၊ မြကန်သာ(၂)လမ်း၊ မြေကွက်အမှတ် – ၉၀၂/က၊ မြေအကျယ်(၂၀'x၆၀')(ဦးမြသင်းအမည်ပေါက် မြေချပါမစ်)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်၊ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဦးကျော်စိုးမိုး ၁၀/မလမ(နိုင်)၂၂၂၉၇၈ မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် ၁၂/လသယ(နိုင်)၀၄၄၂၈၀က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ဖြိုးအောင်** **ဒေါ်ညိုမာထွေး (LL.B)**
၁၂/လသယ(နိုင်)၀၄၄၂၈၀ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၇၂)
အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။
ဖုန်း–၀၉–၄၂၀၂၉၄၀၀၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့မှ(၂၀၂၄–၂၀၂၅)ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးမြို့နယ်၊ သာဂလကျေးရွာအနီး (ပဲခူးမြစ်) မြစ်ကွေးဖြတ်ဖောက်ခြင်းနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတစ်ရပ်လုံး အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | – | (၆–၁–၂၀၂၅) မှ (၁၉ –၁–၂၀၂၅)အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာနောက်ဆုံး ထားတင်သွင်းရမည့်ရက်** | – | (၂၁–၁–၂၀၂၅ )ရက် (၁၆:၃၀) နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/ အချိန်/အစီအစဉ်** | – | (တင်ဒါဖွင့်လှစ်မည့် နေ့/ရက်အား ထပ်မံအကြောင်းကြားပါမည်။) |
| **တင်ဒါအဆိုပြုလွှာရောင်းချ မည့်နေရာ** | – | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | – | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့ |

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့။ ဖုန်း–၀၉–၄၂၈၁၁၀၀၉၅ နှင့် ၀၉–၄၂၃၇၅၄၅၉၉ (သို့မဟုတ်)bagodwirdwir@gmail.com သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းအုပ်စု၊ ကျောင်းဖြူကုန်းကျေးရွာနေ ဦးမောင်ဌေး၏သား ဦးဇင်မျိုးကျော် ၉/ရမသ(နိုင်) ၁၈၂၁၈၃၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀–၆–၁၉၈၇ ဖြစ်ပါကြောင်း။

**ဦးဇင်မျိုးကျော်**

## အမည်မှန်

မအူပင်မြို့၊ ထက်မြက်ရတနာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade–4မှ (ဘ) ဦးသက်နိုင် ၏သား မောင်ရှိုင်းဘုန်းအောင် ၏ အမည်မှန်မှာ မောင်ရှိုင်းဖုန်းအောင် ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/တောင်)၊ မြေကွက်အမှတ် (၄၈၅/ခ)၊ ပေ(၂၀x၆၀)အကျယ်အဝန်းပေါ်၌ တစ်ခန်းတည်း(၃)ထပ်ခွဲ ကန်ထရိုက်တိုက်ဆောက်လုပ်ထားရာ တိုက်အမှတ်(၄၈၅/ခ)၊ အောင်သပြေ(၂)လမ်း၊ ကြီးပွားရေး/တောင်ရပ်ကွက်၊သဃ်ာန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ ပထမထပ်(မှန်ခန်း) ရေမီးအပြည့်အစုံပါ လူနေထိုင်ခွင့်ရ အခန်း(၁)ခန်းအား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ဇော် (၁၂/တတန(နိုင်)၀၆၈၄၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် အကျိုးသက်ဆိုင်သူမည်သူမဆိုခိုင်လုံသောအထောက်အထား စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်မွန် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၉၁၈)**
**အမှတ်၁၂/မြေညီ၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၁၂၃၈၇၉၂**

## (၂၀-၁၁-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် အထက်တန်းရှေ့နေများဖြစ်သော ဦးမျိုးမြင့်အောင်၊ ဦးအေးမင်းသူ၊ ဒေါ်လင်းလင်းကြည်တို့၏ ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်အပေါ် အများသိစေရန် ရှင်းလင်းကန့်ကွက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံတိုက်နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၅အီး^၇ ၊ မြေကွက် အမှတ်(၉) အကျယ်အဝန်း (၃၀ ပေ x ၆၀ ပေ)ရှိ (ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ထီးတန်းလမ်းနှင့် ဆေးရိုးတန်းလမ်းထောင့်၊ အမှတ် ၂၁)ဟုခေါ်တွင်သော မြေကွက်မှာ ယနေ့အချိန်အထိ ဦးဝင်း အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ်ရ မြေကွက်ဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးတင်ထွန်း (၁၂/ကမတ (နိုင်)၀၁၄၉၄၀)၊ ဦးသိန်းမြင့် (၁၂/ကမတ(နိုင်)၀၄၀၁၈၉)၊ ဒေါ်ယုယုမော် (၁၂/ကမတ(နိုင်)၀၅၇၁၉၉)၊ ဒေါ်ခိုင်နွယ်ဦး (၁၂/ကမတ(နိုင်)၀၀၂၃၁၉)နှင့် ဒေါ်မေဇင်စိုး (၁၄/ဟသတ (နိုင်)၀၆၂၅၉၄)တို့သည် အဆိုပါမြေကွက်ပေါ်တွင် အမည်ပေါက်ဦးဝင်း၊ ဇနီး ဒေါ်ကြည်နှင့် သားဖြစ်သူ ဦးကောသလ္လ (ခ) ဦးကြည်စိန်တို့ မကွယ်လွန်မီကတည်းကပင် ဦးဝင်း၊ ဒေါ်ကြည်၊ ဦးကောသလ္လ(ခ)ဦးကြည်စိန်တို့၏ စီမံခန့်ခွဲမှုဖြင့် သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ယနေ့အချိန်အထိ နေထိုင်လာခဲ့ကြသူများဖြစ်ပါသည်။ ဒေါ်ခင်ခင်လေး၊ ဦးစိုးအောင်တို့သည် မြေရှင်အဖြစ် လက်ရောက်ရရှိနေထိုင် ပိုင်ဆိုင်ခဲ့ကြခြင်းမရှိပါ။ ထို့ကြောင့် အဆိုပါမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည်ဆိုပါက လက်ရှိနေထိုင်လျက်ရှိကြသော ကျွန်ုပ်တို့၏မိတ်ဆွေများအနေဖြင့် ဥပဒေနှင့်အညီ ပြန်လည်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကန့်ကွက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းခန့် (LL.B) (စဉ်–၁၃၉၂၅)၊ ဒေါ်တင်နီလာမျိုးထွန်း (LL.B) (စဉ်–၁၃၉၀၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၇၂၂)၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၈၀၂၇၅၆၈၈၊ ၀၉–၂၆၃၉၉၈၈၃၆**

## သားသမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ငါးရွာအုပ်စု၊ ရှမ်းစုကျေးရွာနေ ဦးကြီးမြင့်(ကွယ်လွန်)နှင့် ဒေါ်ခင်လှ ၇/ ပမန(နိုင်) ၀၈၃၅၁၈တို့၏ (သား) ဦးနေဇော်လင်း ၇/ ပမန(နိုင်)၁၂၄၂၂၄ နှင့် (သမီး)ဒေါ်ကြည်လှ ၇/ သကန (နိုင်)၁၂၂၃၀၈ တို့သည် မိဘများ၏ ဆိုဆုံးမမှု ကိုမနာခံသည့်အပြင် မိဘများအားရန်သူသဖွယ် သဘောထား၍ အမျိုးမျိုးစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ၎င်းတို့အား သွားနုတ္တသားသမီးအဖြစ် ယနေ့မှစ၍ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သော အရှုပ်အရှင်းများသည် ၎င်းတို့နှင့်သာသက်ဆိုင်ပြီး မိဘများနှင့် မသက်ဆိုင်ကြောင်းနှင့် လုံးဝတာဝန်ယူ ဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(မိခင်)ဒေါ်ခင်လှ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်(၁)ရပ်ကွက်၊ ထူပါရုံ(၆)လမ်းအရှေ့နေ ဦးနေစိုးနိုင်(ဘ)ဦးမျိုးအောင်(၁၂/သကတ(နိုင်)၁၈၂၅၄၇)နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကွင်းယားကျေးရွာနေ ဒေါ်နော်ဖြူဇင်ဝင်း(ဘ)ဦးသက်ဝေ ၁၄/ကကထ(နိုင်)၁၅၉၂၅၄)တို့သည် (၂–၁–၂၀၂၅) ရက်နေ့စွဲဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးနေစိုးနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 44W/38321, Honda CBR 150 ယာဉ်အမည်ပေါက်သူ ဒေါ်စန်းတင့် (၉/ပဘန(နိုင်)၁၇၃၃၅၇)က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဦးနန်းအောင် ၁၂/ပဇတ(နိုင်) ၀၃၁၇၁၈ သိရှိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၇၆x၇၇လမ်းကြား၊ ၁၀(ဘီ)လမ်းတွင် နေထိုင်သော ဦးစိုးကြည် ၁၄/လပတ(နိုင်)၁၁၉၈၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးကြည်ထံမှ (၁၆–၁၀–၂၀၂၃)ရက်စွဲဖြင့် စာချုပ်ချုပ်၍ လက်ဗွေနှိပ်ကာ လူကြီးမင်းမှ ငွေများလက်ခံရယူသွားပါသည်။ ယင်းငွေများနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ ယနေ့အချိန်ထိ ပေးဆပ်ခဲ့ခြင်းမရှိပါ။ ယခုကြေညာသည့်ရက်မှစ၍ လူကြီးမင်းလက်ခံရယူသွားသော ငွေများနှင့်ပတ်သက်ပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဖြေရှင်းပေးပါရန် သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ(LL.B, DBL,DIL)**
**တရားလွှတ်တော်ရှေ့နေ (၁၀၉၈၆ )**
**၅၈နှင့်၁၉(အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၂၀၅၀၈၉၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၊ ပတ္တမြားရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ပတ္တမြားချောင်ရပ်၊ ဦးပိုင်အမှတ် (၆၁)၊ မြေဧရိယာ(၀.၀၃၉)ဧကရှိ ဦးသန်းဝင်း၊ ဦးတင်ရှိန် အမည်ဖြင့် (၁၉–၈–၁၉၉၄)မှ (၁၈–၈–၂၀၂၄) ရက်အထိ နှစ်(၃၀)မြေငှား ဂရန်ရရှိထားသောမြေကို ဦးသန်းဝင်း အမည်ဖြင့် လူနေအိမ် အသုံးပြုရန် အတွက် မြေငှားဂရန် (သက်တမ်းတိုး၊ အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်မြောက်သည့်ရက်အထိ ဟသ်ာတခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ **ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ဟသ်ာတမြို့**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေား**

## နှစ် ၅၀ ပြည့် "ရွှေရတုမင်္ဂလာ" ဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ Asian Villa၊ မြကန်သာ ၂ လမ်း၊ အမှတ် (U-9) နေ၊

**ဦးကြည်ဝင်း (UPG) + ဒေါ်ရီရီအေး ( လှမဥ္ဇူ ) တို့၏ (၅-၁-၂၀၂၅) ရက်နေ့တွင်**

ကျရောက်သော နှစ် ၅၀ ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့်၊ လောကီ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးလိုရာပြီးမြောက်ပြီး၊ ချစ်သောမိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်သောဘဝကိုလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Board Of Directors**

**UNITED PAINTS GROUP CO., LTD.**

## နှစ် ၅၀ ပြည့် "ရွှေရတုမင်္ဂလာ" ဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ Asian Villa၊ မြကန်သာ ၂ လမ်း၊ အမှတ် (U-9) နေ၊

**ဦးကြည်ဝင်း (UPG) + ဒေါ်ရီရီအေး ( လှမဥ္ဇူ ) တို့၏ (၅-၁-၂၀၂၅) ရက်နေ့တွင်**

ကျရောက်သော နှစ် ၅၀ ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့်၊ လောကီ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးလိုရာပြီးမြောက်ပြီး၊ ချစ်သောမိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်သောဘဝကိုလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Board Of Directors**

**UCF UNITED CAN FACTORY CO., LTD.**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၉-ဍ/ဇောင်ချမ်းကုန်း)၊ ဦးပိုင်အမှတ်(၁၀၀၊ ၁၀၁၊ ၁၀၂)၊ မြေကွက် အမှတ်(၁၀၀၊ ၁၀၁၊ ၁၀၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၀ဧကရှိ မြေကွက်သည် ဦးခင်မောင်အေး အမည်ဖြင့် ၈-၁-၂၀၂၃ရက်အထိ (၁၀)နှစ်ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်သက်တမ်းမှာ ကုန်ဆုံးသွားပြီဖြစ်သဖြင့် ဦးခင်မောင်အေး ၉/မထလ(နိုင်)၁၆၉၅၁၅မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ သိင်္ဂီ(၄)လမ်း၊ (၂၄) ရပ်ကွက်၊ အမှတ်(၃၉၀/က)၊ ပေ(၂၀x၆၀) အကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးရဲလင်းထွန်း အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေဌားဂရန်အမျိုးအစားမြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးရဲလင်းထွန်း ၁၂/တမန(နိုင်)၀၉၉၃၁၈မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် မိတ်ဆွေဖြစ်သော ဦးအောင်သူ ၁၂/ဒဂတ(နိုင်)၀၅၃၇၈၃ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်းတိကျ ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဒေါ်တင်နီလာစိုး (၁၄/ဘကလ (နိုင်) ၁၇၃၁၉၃)၏(၂၃-၇-၂၀၁၈) ရက်စွဲပါ မြန်မာ့အလင်း သတင်းစာကြေညာခြင်းနှင့်ပတ်သက်၍ အပြီးအပြတ် ရှင်းလင်းပြီးဖြစ်ကြောင်း အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇလမ်း၊ အမှတ် (၄၈)နေ ဦးမျိုးထွန်းဦး ၁၂/မယက(နိုင်)၁၃၇၈၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန် လည်ရှင်းလင်းကြေညာအပ်ပါသည်-

